# မတူကွဲပြားပေါင်းစုအား

# DIVERSITY IN TEAMS

A SUCCESS FACTOR NOT ONLY FOR BANKS



Deutsche Gesellschaft
für Internationale
Zusammenarbeit(GIZ)GmbH

KBZ BANK
STRENGTH OF MYANMAR

YOMA BANK
The Responsible Bank.

မတူကွဲပြားပေါင်းစုအား

# DIVERSITY IN TEAMS

A SUCCESS FACTOR NOT ONLY FOR BANKS

Published by



Dr. Petra Schill

*GIZ Country Director, Myanmar*

# Foreword

Diversity is a source of perspectives, ideas, creativity and innovation. As Myanmar undergoes a rapid transition both politically and economically, the power of diversity has been extremely important in shaping the country. This publication aims to illustrate how inclusion can enrich groups and organizations by spotlighting individuals who have overcome the challenges of marginalization and contributed to Myanmar's society.

All of these persons in this publication have made themselves indispensable in various aspects of the banking sector. Some have made their way there with more difficulties than others. Jointly they prove that diversity in teams is a true success factor. The achievements of a company consist of various inputs, largely the team of employees, with all of its distinctiveness. The team members portrayed here showcase that they can do their work just as well – or even better – than others, because skills are the main determinant of success, closely followed by attitude, motivation, flexibility and many other virtues. None of these virtues is dependent on gender, religion, origin, or physical health. Other factors, such as education or age, can play a role in determining how well someone's work is done. It is not difficult to turn these factors into advantages.

This publication is a plea for inclusion. Inclusion means the successful solidarity in a society, the self-evident belonging of all people to a society. Internationally, awareness for inclusion is growing, and hopefully this will also be part of Myanmar's manifold transitions.

Myanmar is on its way to a market oriented, internationally linked and growing economy. The financial sector has a crucial and challenging role in this process. Since 2012 the Deutsche Gesellschaft für Internationale Zusammenarbeit GmbH (GIZ), on behalf of the German Federal Ministry for Economic Cooperation and Development (BMZ), is supporting Myanmar with a focus on the sustainable development of the economy. Projects on Private Sector Development, Technical and Vocational Education and Training, as well as Banking and Financial Sector Development complement each other. Worldwide GIZ is active in more than 130 countries and employs around 17,000 people.

We want to thank the banks who are participating in this publication for their courage to set examples for diversification. These are just a few examples. Many more beautiful portraits of successful inclusion could be written. We wish, for the benefit of the Myanmar people and economy, that many more stories of thriving diversity will not only be written, but lived.



# ဥယျောဇဉ်

မတူကွဲပြားမှုဆိုတာအတွေးအမြင်တွေ၊အကြံဉာဏ်တွေ၊ ဖန်တီးမှုတွေနဲ့ ဆန်းသစ်တီထွင်မှုတွေရဲ့ဇစ်မြစ်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံရေးနဲ့ စီးပွါးရေးနှစ်မျိုးလုံးမှာ အသွင်ကူးပြောင်းမှုတွေကို ကြုံတွေ့နေရတာနဲ့အမျှ၊ နိုင်ငံကို ပုံဖော်ရာမှာမတူကွဲပြားမှုရဲ့ အင်အားဟာလည်းအလွန်အမင်း အရေးကြီးလာခဲ့ပါတယ်။ ဒီစာအုပ်ထုတ်ဝေခြင်းဟာ လူ့အဖွဲ့အစည်းမှ ဖယ်ကျဉ်ခံရနိုင်တဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားခဲ့ကြတဲ့ လူပုဂ္ဂိုလ်တဦးချင်းကို မီးမောင်းထိုးပြပြီး အားလုံးပါဝင်မှု (Inclusion) ဟာ အုပ်စုတွေနဲ့အဖွဲ့အစည်းတွေကို ဘယ်လိုတိုးတက် ကောင်းမွန်စေကြောင်း ပုံဖော်ပြဖို့ရည်ရွယ် ထားပါတယ်။

ဒီစာအုပ်မှာ ပါဝင်သူတွေအားလုံးဟာ ဘဏ်လုပ်ငန်းကဏ္ဍရဲ့ရှုထောင့်အမျိုးမျိုးမှာ မရှိမဖြစ်ပုဂ္ဂိုလ်များဖြစ်လာ စေဖို့မိမိတို့ဘာသာ ကြိုးပမ်းခဲ့ကြသူများဖြစ်ပါတယ်။ အချို့သောပုဂ္ဂိုလ်များရဲ့ ခရီးလမ်းဟာ အခြားသူတွေထက် ပိုမိုကြမ်းတမ်းခဲ့ပါတယ်။ အားလုံးသောသူတွေက ပူးတွဲသက်သေပြကြခဲ့ကြတာကတော့ အသင်းအဖွဲ့အစည်းများမှာ မတူကွဲပြားမှုရှိခြင်းကြောင့် စစ်မှန်တဲ့အောင်မြင်မှုရရှိစေတယ်ဆိုတဲ့ အချက်ပါပဲ။ ကုမ္ပဏီတစ်ခု အောင်မြင်ရာမှာ အကြောင်းအရင်းမျိုးစုံရှိပေမယ့် အဓိက ကတော့ ထူးခြားတဲ့အရည်အချင်းတွေ ပိုင်ဆိုင်ထားတဲ့ ဝန်ထမ်းအဖွဲ့များကြောင့်လည်းပါဝင်ပါတယ်။ ဒီဝန်ထမ်းအဖွဲ့များက ဖော်ပြတာကတော့ သူတို့ဟာ အခြားသူများလိုပဲ အလုပ် တွေကိုပုံမှန် လုပ်ကြတယ် ဒါမှမဟုတ် အခြားသူတွေထက်ပိုကောင်းအောင်လုပ်ကြတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒါဟာဘာကြောင့်လဲဆိုရင် ကျွမ်းကျင်မှုဟာ အောင်မြင်မှုကို အဓိကဆုံးဖြတ်ပေးပြီး၊ အဲ့ဒီနောက်မှာ စိတ်နေ သဘောထား၊ လှုံ့ဆော်မှု၊ ပြောင်းလွယ် ပြင်လွယ်ရှိမှုနှင့် အခြား ကောင်းမြတ်တဲ့ အစွမ်းသတ္တိတွေက ကပ်လိုက် နေရပါတယ်။ ဒီအစွမ်းသတ္တိတွေဟာ ကျား/မ၊ ကိုးကွယ်ရာဘာသာ၊ မူလနေရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပေါ်တွင် မှီခိုမှုမရှိပါဘူး။ အခြားသော အချက်များ ဖြစ်တဲ့ ပညာရေး သို့မဟုတ် အသက်အရွယ်တို့ကသာ လူတစ်ယောက်ဟာ ဘယ်လောက်ကောင်းကောင်း အလုပ်လုပ်နိုင်သည်ကို ဆုံးဖြတ်ရာတွင် ပါဝင်ကြပြီး၊ ထိုအချက်များကို ကောင်း ကျိုးများအဖြစ် ပြောင်းလဲဖို့ရာ မခက်ခဲလှပါဘူး။

ဒီစာအုပ်မှာ အားလုံးပါဝင်မှု (Inclusion) ကို တိုက်တွန်းတောင်းဆိုထားပါတယ်။ အားလုံးပါဝင်မှုဆိုတာ လူမှုအသိုက်အဝန်းတစ်ခုမှာ လူအားလုံးကကိုယ်တိုင်ကိုယ်ကျပါဝင်နေပြီး၊ အောင်မြင်စွာ စုစည်းညီညွတ်နေခြင်းကို ဆိုလိုပါတယ်။ နိုင်ငံတကာမှာ အားလုံးပါဝင်စေရေးဆိုင်ရာ အသိအမြင်ဖွင့်ပေးမှုတွေ တိုးတက်လာနေပြီး၊ မြန်မာနိုင်ငံရဲ့အဓိကအသွင်ကူးပြောင်းမှုမှာလည်း အစိတ်အပိုင်းတစ်ခုဖြစ်လာမည်လို့မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတကာနှင့် ချိတ်ဆက်နေပြီး၊ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေတဲ့လမ်းကြောင်းပေါ်မှာ ရှိနေပါတယ်။ ဒီလုပ်ငန်းစဉ်မှာ ငွေရေးကြေးရေးကဏ္ဍဟာ အလွန်အရေးပါပြီး၊ စိန်ခေါ်မှု ကြီးမားတဲ့ အခန်းကဏ္ဍ မှာရှိနေပါတယ်။ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) ဟာ ဂျာမနီနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ကို ကိုယ်စားပြုပြီး ၂၀၁၂ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံမှာ ရေရှည်စီးပွါးရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ကူညီပေးနေပါတယ်။ GIZ ရဲ့အဓိကစီမံကိန်းများဖြစ်ကြတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်း၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့်သင်တန်း စီမံကိန်း၊ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ကဏ္ဍ ဖွံ့ဖြိုးရေး စီမံကိန်းသည် တစ်ခုနှင့်တစ်ခု အားဖြည့်တွဲဖက်နေကြပါသည်။ GIZ အဖွဲ့ဟာ ကမ္ဘာအဝှမ်းရှိ နိုင်ငံပေါင်း (၁၃၀)ကျော်မှာ လုပ်ငန်းများစွာ ဆောင်ရွက်နေပြီး၊ လူဦးရေ (၁၇၀၀၀) ခန့်ကို အလုပ်အကိုင်များ ထောက်ပံ့ပေးထားပါတယ်။

မတူကွဲပြားမှုများကိုနမူနာဖြစ်ရပ်များအဖြစ် သတ္တိရှိစွာဖော်ထုတ်ခဲ့သည့်အတွက် ဤစာအုပ်တွင် ပူးပေါင်းပါဝင်ကြသောဘဏ်များကိုကျေးဇူးအထူးတင်ရှိပါတယ်။ ဒီစာအုပ်မှာပါဝင်တဲ့ဖြစ်ရပ်တွေဟာ နမူနာအနည်းငယ်မျှသာဖြစ်ပြီး အားလုံးပါဝင်ပတ်သက်မှုရှိတဲ့လှပသော ပန်းချီကားချပ်များစွာကို ထပ်မံဖော်ထုတ်ချယ်မှုန်းနိုင်ပါသေးတယ်။ မြန်မာနိုင်ငံပြည်သူများနဲ့မြန်မာ့စီးပွားရေးရဲ့အကျိုး အတွက် မတူကွဲပြားမှုအမျိုးအစားတွေကို ဆက်လက်ဖော်ထုတ် ရေးသား နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ပါတယ်။



Daw Nang Lang Kham

*Executive Director of KBZ Bank*

*Member and lead sponsor of the Professional Women's Network, Myanmar*

*Women's Forum 2016, Rising Talents Programme*

*Forbes Asia 2016, Women to Watch*

*Yangon, November 2016*

# Foreword

Embracing diversity is the foundation of our workforce. We have always striven as an employer to hire from all backgrounds, ethnicities, religion, ages and physical capabilities, without prejudice. As an Executive Director with a growing staff of 17,000 employees, it is my responsibility to ensure that any type of discrimination is not welcome at KBZ Bank. From our recruitment process to in-house training programs, we teach our staff to be accepting to all.

The Myanmar of 2016 is a rapidly changing landscape - politically, social and economically and those who do not embrace diversity will be left behind. I do not like to segregate my employees into categories, but I am proud to say that women make up for 53% of the workforce and 51% in executive decision making roles. This is not only a credit to me but also, our female executives who have as much influence as their male counterparts and are pioneering a mindset change.

This year we also began a programme with the Myanmar Disabled Association and Association for the Blind to assist us with adding more talent to our recruitment pool. We hired a number of disabled staff because they interviewed successfully for the roles. This collaboration was to ensure we weren't bypassing people who were suitable for a job, just because they weren't registered with local agencies.

At KBZ, we strongly believe that diversity will strengthen any business and community and bring it greater success. Inclusivity should be a founding pillar of your business, not just because it's ethical but because it makes business sense. If you have a mixture of people working together, they are far more innovative, inspired and driven because they have different opinions, from different backgrounds which creates different outcomes. In this book of profiles we highlight Daw Naw Kho Hser Moo, a hearing impaired member of staff, who was hired in the accounting department. Alongside, U Sett Paing Soe, a security guard who was given recognition from the Myanmar Police Force for tracking down pick pockets. We are showcasing these employees because they have enriched their workplace by setting an example to their peers. By going above and beyond their duties, they proved themselves exemplary role models and we are proud they represent KBZ. They have shown that in today's world, through hard work and determination you can make your own opportunities- no matter what your background is.



# ဥယျာဉ်

ကမ္ဘောဇဘဏ်ဟာ မတူကွဲပြားသူ အားလုံးကို အခြေပြုပြီး အတူတကွ ပေါင်းစည်းထားတဲ့ ငွေကြေးနဲ့ ဘဏ်လုပ်ငန်းများကို ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ကမ္ဘောဇဘဏ်ရဲ့ ဝန်ထမ်းများ ခန့်အပ်ရာမှာ လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုမရှိ၊ မသန်စွမ်းသူများ အပါအဝင် အားလုံးကို ကျောသား ရင်သားမခွဲခြားဘဲ ဘက်လိုက်မှုကင်းစွာ ခန့်အပ်ထားရှိပါတယ်။ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ဝန်ထမ်း အင်အား(၁၇,၀၀၀)ကျော်နဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘောဇဘဏ်ရဲ့ အမှုဆောင်ဒါရိုက်တာတစ်ဦးအနေနဲ့၊ ဝန်ထမ်း အချင်းချင်း ခွဲခြားဆက်ဆံမှုမပြုပဲ၊ အားလုံး ချစ်ခင်စည်းလုံးစွာ အတူတကွ အလုပ်လုပ်နိုင်ဖို့ စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး၊ မတူကွဲပြားခြင်းကို ခြားနားထားမှုမရှိစေပဲ မျှတစွာ ပူးပေါင်းဆောင်ရွက်စေ ခြင်းဖြင့်၊ ညီညွတ်မှုနဲ့အတူ အတွေ့အကြုံသစ်များစွာ ရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဝန်ထမ်းသစ်များ စတင်ခန့်အပ်ချိန်၊ သင်တန်းများ ပို့ချချိန်နဲ့၊ လုပ်ငန်းခွင်ဝင်ရောက်တဲ့အချိန် အထိ အချင်းချင်းနားလည်မှုရရှိပြီး ဝန်ထမ်းကောင်းတစ်ဦး အဖြစ်ဂုဏ်ယူတတ်စေဖို့ သေချာစွာ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ၊ တိုင်းပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲ လာတာနဲ့အမျှ၊ မတူကွဲပြားမှုများအပေါ် လက်ခံနိုင်ခြင်း မရှိခဲ့ဘူးဆိုရင်၊ ခေတ်နဲ့အမီ ရင်ဘောင်မတန်းနိုင်ပဲ နောက်ကျကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ ကမ္ဘောဇဘဏ်ဝန်ထမ်းများ အားလုံးကို ခေတ်နောက်ကျ မကျန်ရစ် စေပဲ ခေတ်နဲ့လျော်ညီစွာ ရင်ဘောင်တန်းစေခဲ့ပါတယ်။ ဂုဏ်ယူဖွယ်ရာတစ်ခုကတော့ ကမ္ဘောဇဘဏ် ဝန်ထမ်းအင်အား စုစုပေါင်းရဲ့ ၅၃ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ကြပြီး၊ အဲ့ဒီအထဲကမှ ၅၁ ရာခိုင်နှုန်း ဟာ လုပ်ငန်းခွင်မှာ ကိုယ်တိုင်ဆုံးဖြတ် ချက်ချနိုင်တဲ့ အရာထမ်းများအဖြစ် ဦးဆောင်လုပ်ကိုင်လျှက်ရှိပါတယ်။ ဒါဟာအမျိုးသမီးအမှုဆောင်အရာရှိများအားလုံး၊ လုပ်ဖော်ကိုင်ဘက် အမျိုးသားများနဲ့အတူ တန်းတူ ရည်တူ အရည်အချင်းများနဲ့၊ ဦးဆောင်ဦးရွက်ပြုနေကြတာကို မြင်တွေ့နိုင်ပါတယ်။

ကမ္ဘောဇဘဏ်ဟာ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့၊ ခရစ်ယာန်မျက်မမြင်ကျောင်းတို့နဲ့ ပူးပေါင်းပြီး မသန်စွမ်းသူများအား အလုပ်ခန့်အပ်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ မသန်စွမ်းသူ များဟာလဲ အများနဲ့ တန်းတူ လုပ်ငန်းတာဝန်များထမ်းဆောင်ဖို့ လူတွေ့စစ်ဆေးမှုများ အောင်မြင်ခဲ့ကြပြီး၊ ယခုအခါ ဌာနအတွင်း လစ်လပ်တဲ့ လုပ်ငန်း နေရာများမှာ အများနည်းတူ တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ အခုလို မခွဲခြားပဲ ပူးပေါင်းဆောင်ရွက်မှုများဟာ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်း ကောင်းများကို ရရှိစေပါတယ်။ အဲ့ဒီလို အလုပ်အကိုင် အခွင့်အလမ်းရစေဖို့ ဆောင်ရွက်တဲ့နေရာမှာ၊ မသန်စွမ်း သူများအတွက် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတဆင့် ဆက်သွယ် ဆောင်ရွက်ဖို့မလို တော့ပဲ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး လုပ်ငန်းခွင်များမှာ အလုပ်ရနိုင်ဖို့ ကြိုးစား နိုင်ပြီဖြစ်ပါတယ်။

ကမ္ဘောဇဘဏ်အနေနဲ့ မတူကွဲပြားသူများ အတူယှဉ်တွဲလုပ်ကိုင်ခြင်းကနေ ပိုမိုကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းများ၊ အတွေးအခေါ် အယူအဆကောင်းများ၊ တီထွင်ကြံဆမှုများ ရရှိလာနိုင်ပြီး၊ အောင်မြင်မှုများ ပိုမိုရရှိလာနိုင်တယ် ဆိုတာကို အပြည့်အဝ ယုံကြည်ပါတယ်။ စီးပွားရေးလုပ်ငန်းများဟာ မတူကွဲပြားမှုများနဲ့ ပေါင်းစည်းထားတဲ့ စီးပွားရေးမဏ္ဍိုင် များဖြစ်သင့်ပြီး၊ ဒါဟာကျင့်ဝတ်နဲ့ ကိုက်ညီစေရုံ မျှမက လက်တွေ့မှာလည်း ထိရောက်အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ဖြစ်မြောက်စေပါတယ်။ ရာထူးဌာနမျိုးစုံမှာ တာဝန်ထမ်းဆောင်နေကြတဲ့၊ ကျောထောက် နောက်ခံ မတူညီသူများ အတူတကွ ယှဉ်တွဲလုပ်ကိုင်ခြင်းမှ သစ်လွင်တဲ့ တီထွင်ဖန်တီးမှုများ၊ ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းများ၊ စိတ်အား ထက်သန်မှုများကို ရရှိစေနိုင်ပါတယ်။ အထူးဂုဏ်ပြုပြောရမယ်ဆိုရင် ကမ္ဘောဇဘဏ်ရဲ့စာရင်းဌာနမှာ လက်ရှိ တာဝန်ထမ်းဆောင်လျှက်ရှိတဲ့ အကြားအာရုံချို့တဲ့သူ ဒေါ်နော်ခူဆဲမူးဟာ ကမ္ဘောဇဘဏ်အတွက် စံပြုထိုက်တဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ ဘဏ်အတွင်း ငွေသားခိုးယူဖို့ ကြံစည်နေ သူကို အသက်အန္တရာယ်ကိုမမှု ကိုယ်တိုင်ဖမ်းဆီးပြီး ပြည်သူ့ရဲတပ်ဖွဲ့ထံ အပ်နှံခဲ့တဲ့ ကမ္ဘောဇဘဏ်ရဲ့လုံခြုံရေးဝန်ထမ်း ဦးဆက်ပိုင်စိုးဟာလည်း ကမ္ဘောဇဘဏ်အနေနဲ့ ဂုဏ်ယူစွာဖော်ပြသင့်တဲ့သူတစ်ဦး ဖြစ်ပါတယ်။ အဆိုပါ ဝန်ထမ်းများဟာ သူတို့ရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ကျေပွန်စွာ ထမ်းဆောင် နိုင်ကြရုံမက၊ စံနမူနာထားထိုက်တဲ့ဝန်ထမ်းများ ဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မည်သို့သော မတူ ကွဲပြားမှုများရှိနေခဲ့ပါစေ၊ အမှန်တကယ် ကြိုးစားအားထုတ်မယ်ဆိုရင် အခွင့်အရေးကောင်းများကို ကိုယ်တိုင်အမိအရ ဖမ်းဆုတ်နိုင်တယ် ဆိုတာ၊ သူတို့ကိုယ်တိုင် ယနေ့ မျက်မှောက်ခေတ်ကမ္ဘာကြီးအား ပြောပြပေးနေတာပဲဖြစ်ပါတယ်။



Daw Zarchi Tin

*Executive Director of Yoma Bank*

*Mentor, Myanmar Women's Mentoring Network*

*Yangon, November 2016*

# Foreword

Embracing diversity is to be committed to creating an inclusive environment which values and respects the unique background, knowledge, skills and experience of the individuals. Financial institutions in Myanmar must understand that teamwork requires employees to think about how we relate and respect one another. Moreover, it is important to recognize the value of each person's contribution. We must collaborate in order to achieve the best results consistently. Therefore, it is our responsibility to make people in Myanmar aware that collaboration is essential and discrimination must be prevented.

When presented with the opportunity to contribute in Diversity in Teams, I felt inspired to share my opinions, especially on the gender equality. With my current role as Executive Director at Yoma Bank, I would like to encourage other young women to take on leadership roles and help them build successful careers to gain financial freedom and improve their social standing. I am, therefore, actively involved in promoting the empowerment of women in Myanmar. These are the main reasons why this publication is significant to the country and to me personally.

I can proudly say that Yoma Bank is well-diversified in terms of employee's gender, ethnicity, religion, age, and experience. Within this diverse working environment, we maintain smooth communication and collaboration between expatriates, repatriates, and local staff, dispelling the common misconception that increased diversity can lead to cultural clashes which hinder productivity. As The Responsible Bank, Yoma Bank has invested heavily in people in order to develop talented employees committed to the firm's value. It is our mission to bring responsible banking to the country with a strong emphasis on good corporate governance, environment, and social standards. It is also our goal to invest in people for greater productivity and inclusion. As a result, we have actively contributed as participants of this publication.

This publication is an important first step to promote diversity in Myanmar's banking sector and I hope that this will serve as a jumpstart for future actions required. I would like to give my deepest appreciation to all participants and financial institutions involved in promoting greater inclusion within diversity



# ဥယျာဉ်

လူတစ်ဦးချင်းစီမှာ ရှိတဲ့ အသိပညာ၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံ ကွဲပြားမှုတွေကို တန်ဖိုးထားလေးစားခြင်းက အားလုံး ပူးပေါင်းပါဝင်တဲ့ ပတ်ဝန်းကျင်လေး ဖြစ်လာအောင် ဖန်တီးပေးနိုင်ပါတယ်။ လုပ်ငန်းခွင်မှာလည်း တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားမှု၊ အသိအမှတ်ပြုမှု ရှိတာတွေဟာ ဝန်ထမ်းတွေရဲ့အဖွဲ့လိုက် လုပ်ဆောင်မှုအတွက် တကယ်အရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူလူထုအကြားမှာ ခွဲခြားဆက်ဆံမှု တွေ မရှိစေဖို့နဲ့ အားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့က ကျွန်မတို့ရဲ့တာဝန် ဖြစ်ပါတယ်။

"Diversity in Teams" ဆိုတဲ့ စာအုပ် ဖြစ်မြောက်ရေးမှာ ရိုးမဘဏ်က ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့တာမို့ ကျွန်မအနေနဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေ အထူးသဖြင့် ကျား - မ တန်းတူညီမျှရေးကဏ္ဍက အတွေ့အကြုံတွေကို ဝေမျှချင်ပါတယ်။ ရိုးမဘဏ်ရဲ့ အမျိုးသမီးအမှုဆောင်ဒါရိုက်တာ တစ်ဦးအနေနဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍတွေမှာ အမျိုးသမီးငယ်တွေ ပိုမိုပါဝင်လာကြဖို့ အားပေးတိုက်တွန်းလိုပါတယ်။ ဒါ့ပြင် အမျိုးသမီးတွေကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းနယ်ပယ်မှာ အောင်မြင်မှု ရရှိအောင် ကူညီပေးခြင်းဖြင့် လူမှုဘဝရပ်တည် ရေးမှာ တိုးတက်မှုရှိလာပြီး ကိုယ်ပိုင်ငွေကြေးစီမံခန့်ခွဲမှုမှာ လုပ်ပိုင်ခွင့်ရရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ မြန်မာအမျိုးသမီးတွေရဲ့ ဘဝအခွင့်အလမ်းမြှင့်တင်ရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင် ဆောင်ရွက်နေပါတယ်။

ရိုးမဘဏ်က လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အတွေ့အကြုံမတူညီတဲ့ ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ လုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံခြားသား၊ နိုင်ငံသားပညာရှင်တွေ အတူအလုပ်လုပ်ကိုင်နေကြပေမဲ့ လုပ်ငန်းခွင်ထဲမှာ ကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်ထားနိုင်ပြီးအတူတကွ ပူးပေါင်း ဆောင်ရွက်မှုကိုလည်း ချောမွေ့အောင် ထိန်းသိမ်းထားနိုင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ ယဉ်ကျေးမှုမတူညီမှုကနေ သဘောထား ကွဲလွဲမှုတွေ ဖြစ်ပေါ်လာမယ်ဆိုတဲ့ ထင်မြင် ယူဆချက်တွေကို ဖယ်ရှားပေးပါတယ်။ ကျင့်ဝတ်မှန်ကန်တဲ့ ဘဏ်အဖြစ် ရပ်တည်နေတဲ့ ရိုးမဘဏ်ဟာထူးချွန်တဲ့ ဝန်ထမ်းတွေ ထွက်ပေါ်လာရေး ဆိုတဲ့ အဖွဲ့အစည်းရဲ့အမြဲတေတန်ဖိုးအရ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍမှာ များစွာရင်းနှီးမြှုပ်နှံထားပါတယ်။ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုစနစ်၊ လုပ်ငန်းခွင်နဲ့ လူမှုဆက်ဆံရေးတို့အပေါ် အထူး အလေးထားပြီး နိုင်ငံအတွက် ကျင့်ဝတ်မှန်ကန်တဲ့ ဘဏ်လုပ်ငန်းတစ်ရပ်ကို ဆောင်ကြဉ်းပေးနိုင်ရေးဟာ ကျွန်မတို့ ရိုးမဘဏ်ရဲ့ခံယူချက် ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာအုပ် ထုတ်ဝေရေးမှာ ရိုးမဘဏ်က တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍမှာ မတူကွဲပြားမှုကို မြှင့်တင်ပေးနိုင်ဖို့အရေးပါတဲ့ ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်သလို ရှေ့လာမယ့်ဆောင်ရွက်ချက်တွေ အတွက်လည်း အထောက်အပံ့ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အနာဂတ်မှာ မတူကွဲပြားမှုများရဲ့ပူးပေါင်းပါဝင်မှုတွေကို ပံ့ဖော်နိုင်ဖို့ အခုလိုစိတ်ပါဝင် စားစွာ ကူညီပေးသူတွေနဲ့ ဘဏ္ဍာရေး အဖွဲ့အစည်းတွေအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။

## Daw Khin Saw Oo

*Deputy Governor, Central Bank*

Daw Khin Saw Oo was appointed Deputy Governor of the Central Bank of Myanmar as soon as the Central Bank became independent in mid-2013. She is a female leader, working together with two other male Deputy Governors of the Central Bank in overseeing Myanmar's monetary system.

"I enjoy playing an important role at the Central Bank of Myanmar which is the regulator and supervisor of the banking industry and mainly responsible for implementing monetary policies and maintaining the financial stability", she says.

As numerous examples have proven in the country and around the world, women can be good leaders. She believes women and men should have equal opportunities in pursuing jobs and professions they like.

"I would like to see more women acting self-responsibly at top management levels in both government and private sectors."

## ဒေါ်ခင်စောဦး

*ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်*

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို "လွတ်လပ်သောအဖွဲ့အစည်း" အဖြစ်ကြေညာခဲ့တဲ့ ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းမှာ ဒေါ်ခင်စောဦးဟာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူရပါတယ်။ မြန်မာနိုင်ငံရဲ့ငွေကြေးစနစ်အပေါ်ကြပ်မတ်ကွပ်ကဲရာမှာ အမျိုးသားဒုတိယဥက္ကဋ္ဌနှစ်ဦးနဲ့အတူ ဆောင်ရွက်နေသူဖြစ်တဲ့ဒေါ်ခင်စောဦးက အမျိုးသမီးတွေနဲ့ပတ်သတ်ပြီး သူ့ရဲ့အမြင်ကို အခုလိုပြောပြပါတယ်။

"ငွေကြေးမူဝါဒအကောင်အထည်ဖော်ရေးနဲ့ ဘဏ္ဍာရေးတည်ငြိမ်မှုရှိစေရေးတွေအတွက် အဓိက တာဝန်ယူဆောင်ရွက်ရတဲ့အဖွဲ့အစည်းဖြစ်တဲ့အပြင်၊ ဥပဒေပြုခြင်းနဲ့ကြီးကြပ်ခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့အရေးပါတဲ့နေရာမှာ ပါဝင်ခွင့်ရတာကို ကျေနပ်မိပါ တယ်။

အမျိုးသမီးတွေဟာ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ကြတာကို ကမ္ဘာမှာရော မြန်မာနိုင်ငံအနှံ့မှာပါ မြင်တွေ့ရမှာပါ။ မိမိနှစ်သက်တဲ့ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရေးအတွက် အမျိုးသမီးနဲ့ အမျိုးသားတန်းတူ အခွင့်အရေးရသင့်ပါတယ်"

"အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေရဲ့ ထိပ်ပိုင်းစီမံခန့်ခွဲမှုနယ်ပယ်မှာ အမျိုးသမီးတွေပိုပြီး တာဝန်ယူလာကြတာမျိုးကို မြင်တွေ့လိုပါတယ် " လို့ သူကပြောပါတယ်။





## Dr Tin Latt

*Managing Partner of MAT Audit & Professional Services,*
*Independent Director of AYA Bank*

Dr. Tin Latt joined AYA Bank in 2013, bringing along highly professional skills and academic excellence as an advisor in corporate governance and banking. He formed the Audit, Risk and Compliance Committee at the bank, which now manages the internal risks facing the bank as the domestic banking business in Myanmar grows and becomes more complex. As an independent director he can make decisions without internal influences, perform checks and balances and question management policies and practices.

"The banking sector needs to be sustainable and properly play its role as the central figure of the whole economy," he says.

Being of Muslim faith of course does not interfere with his vast responsibilities. Dr. Tin Latt values multi-cultural inclusiveness and diversity of religion as well as gender. "If society allows everyone to be included, then people feel that they belong to the society and protect it. This awareness is important for every organization".

## ဒေါက်တာတင်လတ်

*စီမံခန့်ခွဲမှုဆိုင်ရာ အစုဝင်၊ MAT စာရင်းပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။*
*ရောဝတီဘဏ်၏ အမှုဆောင်အဖွဲ့ဝင် မဟုတ်သော ဒါရိုက်တာ*

ဘဏ်လုပ်ငန်းဆိုင်ရာနဲ့ အဖွဲ့အစည်းများစီမံအုပ်ချုပ်မှုတွေရဲ့အတတ်ပညာ၊ လုပ်ငန်း အတွေ့အကြုံတွေနဲ့အတူ ဒေါက်တာတင်လတ်ဟာ ၂၀၁၃ခုနှစ်မှာ ရောဝတီဘဏ်ကို စတင်ဝင်ရောက်ခဲ့ပါတယ်။ ပြည်တွင်းဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဝန်ဆောင်မှုတွေ များပြားရှုပ်ထွေးလာမှုနဲ့အတူ ဘဏ်တွေရဲ့ဆုံးရှုံးနစ်နာမှုဆိုင်ရာတွေကို စီမံခန့်ခွဲနိုင်မှုက အရေးပါလာပါတယ်။ ဒါကြောင့် သူဟာ ရောဝတီဘဏ်အတွက် "စာရင်းစစ်ဆေးခြင်း၊ ဆုံးရှုံးနစ်နာမှုဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် စည်းမျဉ်း လိုက်နာမှုဆိုင်ရာ ကြပ်မတ်ထိန်းသိမ်းရေးကော်မတီ" ကို တည်ထောင်ခဲ့ပါတယ်။ လုပ်ငန်းဆုံးဖြတ်ချက်တွေချရာမှာ ကုမ္ပဏီရဲ့လွှမ်းမိုးမှုမရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်းနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကိုမေးမြန်းနိုင်ခြင်း တို့ကိုလည်း လွတ်လပ်တဲ့ ဒါရိုက်တာတစ်ဦးအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ဘဏ်လုပ်ငန်းကဏ္ဍဟာ စီးပွားရေးစနစ်ကြီးတစ်ခုလုံးကိုဦးဆောင်နေတဲ့အတွက် ဒီကဏ္ဍကို ရေရှည် တည်တံ့အောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်"လို့ သူကပြောပါတယ်။

မူစလင်ဘာသာကို ကိုးကွယ်ခြင်းဟာ သူ့ရဲ့အဓိကလုပ်ကိုင်ဆောင်ရွက်မှုတွေကို အကျိုးသက်ရောက်မှု မရှိပါဘူး။ သူက ကျားမ မတူညီကွဲပြားမှု၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာပေါင်းစုံယှဉ်တွဲနေထိုင်ခြင်းကို အလေးထားသူတစ်ဦးပါ။ လူ့အဖွဲ့အစည်းတစ်ခုမှာ အားလုံးကိုပါဝင်ခွင့်ပေးတာဟာ တစ်ဦးချင်း အနေနဲ့ ကိုယ့်ရဲ့လူ့အဖွဲ့အစည်းကို ကိုယ်ပိုင်ဆိုင်တယ်ဆိုတဲ့ အသိရှိသွားစေပြီး သူပိုင်ဆိုင်တဲ့ လူ့အဖွဲ့အစည်းကိုတန်ဖိုးထားကာကွယ်သွားစေမှာပါ။ အဲ့လိုစိတ်ဓာတ်မျိုးဟာ အဖွဲ့အစည်းတိုင်း အတွက် အလွန်အရေးကြီးပါတယ်" လို့သူ့ရဲ့အမြင်ကို ပြောပြခဲ့ပါတယ်။




*Provided that societies stay mindful of the challenges that capitalism creates and never forget the paramount importance of inclusion and equal opportunity, we can and should celebrate the miracle of free enterprise-and the billions of souls it has helped free from desperate poverty.*

*- Dalai Lama*

*"လူ့အသိုက်အဝန်းများအနေဖြင့် အရင်းရှင်ဝါဒမှ ဖန်တီးလိုက်သော စိန်ခေါ်မှုများကို အစဥ်သတိရှိထားပြီး၊ အားလုံးပါဝင်မှုနှင့် အခွင့်အလမ်းသာတူညီမျှမှုတို့၏ အထူးအရေးပါမှုကို အမြဲမမေ့မလျော့ရှိနေမှသာလျှင်၊ လွတ်လပ်သောလုပ်ဆောင်ချက်၏ အံ့ဖွယ်ထူးခြားချက်များကိုလည်းကောင်း၊ ယင်းလုပ်ဆောင်ချက် မျှော်လင့်ချက်မဲ့ ဆင်းရဲမွဲတေမှုမှ လွတ်မြောက်စေရန် ကူညီပေးလိုက်သော သန်းထောင်ပေါင်းများစွာသော စိတ်ဝိဥာဏ်များ၏ အံ့ဖွယ်ထူးခြားမှုများကိုလည်းကောင်း ရရှိခံစားကြရပါမည်။"*

*ဒလိုင်လားမား*

## Daw Sap Ram Thangi

*Deputy Manager, CB Bank*

Daw Sap Ram Thangi joined CB Bank in 2013. She grew up in Kale Township and moved to Yangon after her high school. Being of Chin ethnicity, the language barrier was first a challenge, hindering her to work outside and keeping her at her home's business in dress making - until she decided to go for a Master's Degree in Business Administration.

"Definitely, I passed difficulties in my late twenties, but my master course also helped me to settle in", she says.

She is responsible, accountable, takes decisions timely in urgent cases and has an open-minded relationship towards her colleagues. Daw Sap Ram Thangi thinks that these traits carried her into a higher position.
Her ethnicity simply doesn't matter and she feels to be in the working environment that suits her best, with helpful seniors and colleagues.

"My outlook before and after working in the banking industry is very different. Now I am proud of being a female leader."

## ဒေါ်ဆပ်ရမ်းထန်းငီး

*ဒုတိယမန်နေဂျာ၊ သမဝါယမဘဏ် (CBဘဏ်)*

ကလေးမြို့မှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ချင်းအမျိုးသမီးဖြစ်သူ ဒေါ်ဆပ်ရမ်းထန်းငီးဟာ ၂၀၁၃ခုနှစ်ကစလို့ CB ဘဏ်မှာ ဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်ကို ပြောင်းရွှေ့လာချိန်မှာတော့ မြန်မာဘာသာစကား ပြောဆိုရတာ အခက်အခဲရှိခဲ့ပါတယ်။ စီးပွားရေး စီမံခန့်ခွဲမှု မဟာဝိဇ္ဇာတန်း မတက်ရောက်ခင်အထိ အိမ်စီးပွားရေးဖြစ်တဲ့ အဝတ်အထည်ချုပ်လုပ်တဲ့ လုပ်ငန်းမှာ ဝင်ရောက်ကူညီရင်းနဲ့ပဲ ငယ်ဘဝကိုဖြတ်သန်းခဲ့ပါတယ်။

"လုပ်ငန်းခွင်ဝင်ရောက်ခါစမှာ အခက်အခဲတွေကြုံခဲ့ရပေမယ့် သင်ယူထားတဲ့ပညာရပ်နှင့် ကိုက်ညီတဲ့ အလုပ်ခွင်မှာ ဝင်ရောက်ခွင့်ရတော့ လုပ်ရကိုင်ရတာ အဆင်ပြေသွားပါတယ်"လို့ သူကပြောပါတယ်။

သူ့ရဲ့တာဝန်သိမှု၊ တာဝန်ခံတတ်မှု၊ အရေးပေါ်ကိစ္စရပ်များအတွက် အချိန်မီ ဆုံးဖြတ်ချက်ချနိုင်မှုနဲ့ အထက်အောက် လုပ်ဖော်ကိုင်ဖက်အချင်းချင်း ပွင့်လင်းမြင်သာတဲ့ ဆက်ဆံရေးတွေက လုပ်ငန်း အောင်မြင်ဖို့ အတွက် အထောက်အကူတွေဖြစ်နိုင်ကြောင်း သူက ယူဆပါတယ်။ ချင်းတိုင်းရင်းသူ တစ်ယောက်ဖြစ်ခြင်းကြောင့်လည်း အလုပ်ခွင်မှာခွဲခြားဆက်ဆံခံရတာမရှိသလို ကူညီဖေးမတတ်တဲ့ အထက်လူကြီးတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကြောင့် CBဘဏ်ဟာ သူနဲ့အသင့်တော်ဆုံး နေရာတစ်ခုလို့ ယူဆထားပါတယ်။

"ဘဏ်မှာ အလုပ်မလုပ်ခင်ကအခြေအနေနဲ့ လက်ရှိအခြေအနေပေါ် ဘဝခံယူချက်ကအများကြီး တိုးတက်ပြောင်းလဲသွားပြီး ငယ်ရွယ်တဲ့အမျိုးသမီးတစ်ဦးအနေနဲ့ လုပ်ငန်းခွင်မှာ ဦးဆောင် လုပ်ကိုင်ရတာကိုလည်း ကျေနပ်ဂုဏ်ယူမိပါတယ်"





## U Wai Lynn Htoon

*Head of Corporate Banking, AGD Bank*

"Many things are currently changing in Myanmar, with that there are also tremendous changes and opportunities within the financial sector," says U Wai Lynn Htoon, who came back to Myanmar earlier this year.

He is currently setting up and heading the new Corporate Banking Department at AGD, after working with banks in the U.S. for seven years.

"It's definitely an interesting time to be working in Myanmar, to contribute to the country with the skills that I have acquired abroad," he said, adding that one of the reasons he wanted to be part of the change is "Because I love the country".

He wants to promote local staff who are ambitious, and have the local knowledge in the banking sector. "It's important to guide the locals in the right direction for success, because they are an integral part of the change that the country needs." In addition, he wants to focus on providing superior customer service to existing and new customers, and plans to work together with foreign banks and enterprises.

## ဦးဝေလင်းထွန်း

*ကော်ပိုရိတ်ဘဏ်လုပ်ငန်းဌာနဆိုင်ရာ အကြီးအကဲ၊ အာရှစိန်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD ဘဏ်)*

"မြန်မာနိုင်ငံဟာ အသွင်ကူးပြောင်းလာတာနဲ့အညီ ဘဏ္ဍာရေးကဏ္ဍအတွက်လည်း ကြီးမားတဲ့ အပြောင်းအလဲတွေနဲ့အတူ အခွင့်အရေးတွေ ပေါ်ပေါက်လာပြီ" လို့မြန်မာနိုင်ငံကို ဒီနှစ်အစောပိုင်း က ပြန်ရောက်လာခဲ့တဲ့ ဦးဝေလင်းထွန်း ကပြောပါတယ်။ အမေရိကန်နိုင်ငံမှာ ၇ - နှစ်ကြာ ဘဏ်လုပ်ငန်းအတွေ့အကြုံတွေရှိခဲ့ပြီး လက်ရှိမှာတော့ AGD ဘဏ်ရဲ့အသစ် ဖွင့်လှစ်လိုက်တဲ့ ကော်ပိုရိတ်ဘဏ်လုပ်ငန်းဌာနမှာ လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပါတယ်။

"မြန်မာနိုင်ငံကို ပြန်လာလုပ်ကိုင်ဖို့ စိတ်အားထက်သန်တာရယ်၊ နိုင်ငံရပ်ခြားမှာကိုယ်ရရှိခဲ့တဲ့ အတွေ့အကြုံတွေနဲ့ တိုင်းပြည်ကိုပံ့ပိုးပေးဖို့ အသင့်တော်ဆုံး အချိန်လို့ယူဆတာကြောင့်ပါ" လို့ သူကပြောပါတယ်။ သူဟာ နိုင်ငံချစ်စိတ်နဲ့အတူ အပြောင်းအလဲတွေအတွက် တစ်ထောင့် တစ်နေရာကနေ ပါဝင်ဖို့ ဆန္ဒရှိနေပါတယ်။

ဘဏ်လုပ်ငန်းဆိုင်ရာအတွေ့အကြုံတွေရှိပြီး ရည်မှန်းချက်မြင့်မားကြတဲ့ပြည်တွင်း ဘဏ်ဝန်ထမ်းတွေကို ကူညီပံ့ပိုးပေးနိုင်ဖို့ ရည်မှန်းထားပါသေးတယ်။ "နိုင်ငံသား ဝန်ထမ်းတွေ ပိုပြီးတိုးတက် အောင်မြင်လာဖို့ မှန်ကန်တဲ့လမ်းကြောင်းကနေဦးဆောင် လမ်းပြပေးနိုင်ဖို့ကလည်း အရေးကြီး ပါတယ်။ ဒီလိုလူမျိုးတွေဟာ နိုင်ငံတိုးတက် ပြောင်းလဲမှုအတွက် အဓိကလိုအပ်နေပါတယ်" လို့ သူကပြောပါတယ်။

ဒါ့အပြင် AGD ဘဏ်ရဲ့လက်ရှိ စားသုံးသူနဲ့ စားသုံးသူအသစ်တွေအပေါ်အလေးထားတဲ့ ဝန်ဆောင်မှုမျိုးတွေပံ့ပိုးပေးနိုင်ဖို့၊ နိုင်ငံခြားဘဏ်တွေ၊ နိုင်ငံခြားလုပ်ငန်းတွေနဲ့ ပူးပေါင်း လုပ်ဆောင် နိုင်ဖို့လည်းကြိုးစားနေပါတယ်။



*"I really want to encourage the whole population to become powerful with knowledge. Without powerful, voluntary, responsible participation of the people, how can we make a change?"*

*"I used to ask at my talks, who is the most important person in the country? And [people] would say, Aung San Suu Kyi, U Htin Kyaw. I said, look in the mirror: you are the most important one. Every one of us should acknowledge that. If you feel you are important, you are going to make an effort. Otherwise, you'll just wait for others to do things for you. I want them to feel like they are the most important person in our country—every single one."*

*Ma Thida (Writer),*
*Irrawaddy Interview, 18.10.2016:*

*"ကျွန်မကတော့ ပြည်သူတွေအားလုံး ကို အသိပညာရှိပြီး၊ အင်အားကြီးသူတွေဖြစ်လာအောင်လုပ်ဖို့ တကယ့်ကို တိုက်တွန်းချင်တယ်၊ ပြည်သူတွေက အင်အားကြီးကြီးနဲ့ မိမိဆန္ဒ အလျောက် တာဝန်ယူမှုရှိရှိ ပူးပေါင်းပါဝင်တာ မရှိဘူးဆိုရင် ကျွန်မတို့ကအပြောင်းအလဲတစ်ခုဖြစ်အောင် ဘယ်လို လုပ်နိုင်မှာလည်း"*

*"ကျွန်မ ဟောပြောပွဲတွေသွားတိုင်း မြန်မာနိုင်ငံမှာ ဘယ်သူက အရေးအပါဆုံးပုဂ္ဂိုလ်လဲဆိုတာကို မေးလေ့ရှိတယ်၊ (တစ်ချို့လူတွေက) ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးထင်ကျော်တို့ကို ဖြေတတ်ကြတယ်၊ ကျွန်မ ပြန်ပြောလိုက်တယ်၊ ကိုယ့်ကိုကိုယ်မှန်ထဲ ပြန်ကြည့်လိုက်ပါ၊ အရေးအပါဆုံး ပုဂ္ဂိုလ်ကမိမိကိုယ်တိုင်ပါဘဲလို့။ ကျွန်မတို့ တစ်ဦးစီကလဲ အဲဒါကို အသိအမှတ်ပြုသင့်တယ်၊ တကယ်လို့ လူတစ်ယောက်ကိုယ့်ကိုကိုယ် အရေးပါတယ်လို့ ခံစားမိရင်၊ အဲဒီလူကတစ်ခုခုကို ကြိုးစား အားထုတ် တော့မှာဘဲ၊ ဒီလိုမ ဟုတ်ရင်တော့ တစ်ခြားလူတွေကသူ့အတွက် ဘာတွေလုပ်ပေးမလဲ ဆိုတာကိုပဲ ထိုင်စောင့်နေလိမ့်မယ်၊ ကျွန်မအနေနဲ့ လူတွေတစ်ဦးချင်းစီကို သူတို့ကိုယ်သူတို့ ကျွန်မတို့နိုင်ငံရဲ့အရေးအပါဆုံး ပုဂ္ဂိုလ်တွေလို့ ခံစားမိစေချင်တ ယ်"*

*မသီတာ (စာရေးဆရာမ)*
*ဧရာဝတီသတင်းနှင့် အင်တာဗျူး (၁၈-၁၀-၂၀၁၆)*

## Daw Zin Mie,
## Daw Mi Mi Thet and
## U Thet Naing Win

*Yoma Bank*

“I am proud to say that our workplace culture is a culture that respects and gives equal opportunity to staff from all ethnic groups, religions and beliefs,” says Daw Mi Mi Thet, Head of Human Resource Department in Yoma Bank. She is Catholic and very glad that the unpleasant experiences of being excluded in school due to her religion are over, now in her professional life she doesn’t face such problems at her workplace.

Daw Zin Mie and U Thet Naing Win value the diversity of attitudes just as much. The three are responsible for different teams of the same company. U Thet Naing Win is Muslim and social media officer for the Communication Department and Daw Zin Mie is Buddhist and Head of the Treasury Department.

“I see people just based on humanity, different religion doesn’t matter,” says U Thet Naing Win and Daw Zin Mie endorses his view, saying that everyone maintains a good professional relationship at the bank. Yoma maintains a healthy balance of locals, repatriates and expats with varying backgrounds from all over the country and the world. The combination of colleagues' experiences, ideas and talents grows business and serves customers. This sets Yoma Bank apart from others and is a competitive advantage for the future.

“It is my firm belief that diversity in the workplace, where every individual's differences, values and unique points of view are included is a healthy environment that we should be encouraging,” says Daw Zin Mie.



# ဒေါ်ဇင်မီ၊
# ဒေါ်မိမိသက်၊
# ဦးသက်နိုင်ဝင်း

*ရိုးမဘဏ်*

"ကျွန်မတို့ရဲ့လုပ်ငန်းခွင်ယဉ်ကျေးမှုဟာဘယ်လိုလူမျိုးစုဖြစ်စေ၊ ဘယ်လိုဘာသာတရားကိုးကွယ်မှုကိုအခြေခံသည်ဖြစ်စေ ဝန်ထမ်းအားလုံးအပေါ်လေးစားမှုနဲ့ သာတူညီမျှအခွင့်ရေးပေးတဲ့ ယဉ်ကျေးမှုတစ်ခုဖြစ်တယ်လို့ ဂုဏ်ယူစွာပြောပြချင်ပါတယ်"လို့ ရိုးမဘဏ် ဝန်ထမ်းရေးရာဌာနရဲ့ဌာနမှူး ဒေါ်မိမိသက်ကပြောပါတယ်။

သူဟာ ကစ်သလစ်ဘာသာဝင်တစ်ဦးဖြစ်ပြီး ငယ်စဉ်ကကျောင်းမှာ ဘာသာမတူလို့ ခွဲခြားဆက်ဆံခံရတာမျိုး ကြုံတွေ့ခဲ့ရပေမယ့် လုပ်ငန်းခွင်မှာတော့ ဒီလိုပြဿနာမျိုးမကြုံတွေ့ရတော့ဘူးလို့ ပြောပါတယ်။ ဒေါ်ဇင်မီနဲ့ ဦးသက်နိုင်ဝင်းတို့ကလည်း မတူညီတဲ့အမြင်ရှိမှုကို အလေးထားသူတွေပါ။ ဦးသက်နိုင်ဝင်းဟာ မူစလင်ဘာသာဝင်တစ်ဦးဖြစ်ပြီး ပြန်ကြားရေးဌာနရဲ့ပြန်ကြားရေးနှင့် လူမှုဆက်ဆံရေးအရာရှိတစ်ဦးပါ။ ဒေါ်ဇင်မီကတော့ ငွေတိုက်ဌာနရဲ့ဌာနမှူးဖြစ်ပြီး ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပါတယ်။ သူတို့သုံးဦးလုံးဟာ ကုမ္ပဏီတစ်ခုရဲ့အောက်က ဌာနအသီးသီးအတွက် တာဝန်ကိုယ်စီယူထားကြသူတွေပါ။

"ကျွန်တော့်အတွက် လူတစ်ယောက်အပေါ်မှာ ဘာသာခြားလို့မမြင်ဘူး။ လူကလူပဲ။ ဘာသာမတူတာလည်း အရေးကြီးတဲ့ကိစ္စရပ်လို့မထင်ပါဘူး" လို့ သူကပြောပါတယ်။ အလားတူ ဒေါ်ဇင်မီကလည်း ဘဏ်တွင်းကောင်းမွန်တဲ့ လုပ်ငန်းခွင်ဆက်ဆံရေးတည်ဆောက်မှုကို အားပေးထောက်ခံပါတယ်။ ကမ္ဘာအနှံ့ကနေလာရောက်ကြတဲ့ ကျွမ်းကျင်သူတွေ၊ နိုင်ငံအသီးသီးကပြန်လာတဲ့ မြန်မာလူမျိုးတွေ၊ နိုင်ငံသားဝန်ထမ်း တွေဟာ ရိုးမဘဏ် တစ်ခုအောက်မှာ ပေါင်းစည်းလုပ်ကိုင်နေကြတာဖြစ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေရဲ့ကွဲပြားခြားနားတဲ့အတွေ့အကြုံ၊ အတွေးအခေါ်နဲ့ စွမ်းရည်တွေပေါင်းစပ်ပြီး လုပ်ငန်းတိုးတက်ဖို့နဲ့ စားသုံးသူတွေကိုပေးမယ့် ဝန်ဆောင်မှု တွေအတွက် အထောက်အကူပေးပါတယ်။ အနာဂတ်မှာလည်း ရိုးမဘဏ်အတွက် ပြိုင်ဆိုင်မှုအားကောင်းတဲ့ အကျိုးရလဒ်ကိုရရှိစေမယ်လို့ ဒေါ်ဇင်မီက ယုံကြည်ထားပါတယ်။

"လုပ်ငန်းခွင်ကလူတစ်ဦးချင်းစီရဲ့ခြားနားတဲ့ အတွေးအခေါ်၊တန်ဖိုးထားမှုတွေနဲ့ ကောင်းမွန်တဲ့ခံယူချက်တွေပေါင်းစပ် လိုက်တာကြောင့် ပိုပြီးကောင်းမွန်တဲ့ဝန်းကျင်တစ်ခုဖြစ်လာမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒီလိုမတူညီ တဲ့ပေါင်းစပ်မှုမျိုးကို ကျွန်မတို့တွေအားပေးသင့်တယ်"




*Our ability to reach unity in diversity will be the beauty and the test of our civilisation.*

*Mahatma Gandhi*

မတူကွဲပြားမှုတွေရှိနေပေမယ့် စည်းစည်းလုံးလုံး နေထိုင်နိုင်ခြင်းဟာ လူ့အဖွဲ့အစည်းအတွက် စမ်းသပ်မှုဖြစ်သလို အလှတရားတစ်ခုလည်း ဖြစ်တယ်။

မဟာတ္တမဂန္ဒီ

## U Sett Paing Soe

*Senior Security Guard, KBZ Bank*

Since 2011, U Sett Paing Soe has served as security guard at Pyin Oo Lwin branch of KBZ and says he is happy and satisfied with his duty.

"I feel that I am fit for it, what I like is protecting the bank, the customers and their property", he says.

He did not finish his matriculation standard examination and previously worked as a cash collector for a toll gate. He started as Junior Security Guard and was promoted to Senior Security Guard in 2013.

"I like wearing this security guard suit as well", he says.

In 2016, U Sett Paing Soe received a recognition award from the Myanmar Police Force for his effort in helping the police catch pick pockets. He was also honoured by KBZ for fulfilling his duty as a security guard to protect the customer and property.

## ဦးဆက်ပိုင်စိုး

*လုံခြုံရေး (၁)၊ ကမ္ဘောဇဘဏ်*

ဦးဆက်ပိုင်စိုးဟာ လုံခြုံရေးတာဝန်ကို ၂၀၁၁ ခုနှစ်တည်းက ပြင်ဦးလွင် ကမ္ဘောဇဘဏ်ခွဲမှာ စတင်ထမ်းဆောင်ခဲ့ပြီး လက်ရှိ သူလုပ်ဆောင်နေရတဲ့တာဝန်အပေါ် ပျော်ရွှင်ကျေနပ်မှုရှိပါတယ်။

"ဒီအလုပ်က ကျွန်တော်နဲ့ကိုက်ညီမှု ရှိတယ်လို့ထင်တယ်။ ဘဏ်နဲ့ customer တွေရဲ့ပစ္စည်း၊ လုံခြုံရေးပိုင်းကို အကာအကွယ်ပေးရတာဆိုတော့လေ" လို့ သူက ပြောပါတယ်။ ပညာရေးမှာ ဒသမတန်းနဲ့ကျောင်းထွက်ခဲ့ပြီး ဘဏ်လုံခြုံရေး မတိုင်ခင်က တိုးလ်ဂိတ်ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။

၂၀၁၃ခုနှစ်မှာလုံခြုံရေး(၂)ကနေ လုံခြုံရေး(၁)အဖြစ်ရာထူးတိုးပြီး တာဝန်ယူရတဲ့အပိုင်း ပိုမြင့်လာခဲ့ပါတယ်။လုပ်သက် တလျှောက်မှာလည်းသတိနဲ့နေထိုင်ရမယ့် အထူးအခြေအနေ အတွက် မိမိထမ်းဆောင်ရမယ့်တာဝန်ကျေပွန်အောင်အတိ အကျ လိုက်နာခဲ့ပါတယ်။

"လုံခြုံရေးဝတ်စုံဝတ်ရတာလည်း ကျွန်တော်သဘောကျတယ်" လို့ သူကပြောပါတယ်။ ဒီနှစ်ထဲမှာတော့ ဘဏ်မှာငွေလိမ်လည်ထုတ်ယူနေတဲ့ မသမာသူတစ်ဦးရဲ့လုပ်ရပ်ကို ဖော်ထုတ်ရာမှာ ရဲတပ်ဖွဲ့ရဲ့ဖမ်းဆီးမှုကို ပူးပေါင်းကူညီပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဂုဏ်ပြုဆု ချီးမြှင့်ခံခဲ့ရပါတယ်။ လုံခြုံရေးဝန်ထမ်းတစ်ယောက်အနေနဲ့ ဘဏ်ရဲ့စားသုံးသူတွေနဲ့ ပိုင်ဆိုင်ပစ္စည်းတွေကို ကောင်းစွာကာကွယ်ပေးမှုအတွက် ကမ္ဘောဇဘဏ်ရဲ့ဂုဏ်ပြုဆု ချီးမြှင့်ခြင်း ခံရသူတစ်ယောက်ဖြစ်ပါတယ်။





## Daw Aye Aye Nwe

*Branch Manager of CB Bank*

Managing a full-time job and private life can be a challenge. Daw Aye Aye Nwe knows this all too well, after working in CB Bank for 15 years. She broke through many struggles and thereby cultivated skills that are just as useful for herself as for her employer. When her child was still less than one year old, she faced difficult times in her life as her husband passed away and she needed to move to another town due to her promotion to Assistant Manager.

"After passing very tough times, I now have valuable experience in solving problems and handling pressure at work, while my kid is settling into his primary school" she says. Her mother-in-law supports her in looking after her son.

"I am very grateful that people around me always help me and colleagues understand my difficulties, like I have another family". Daw Aye Aye Nwe never fails her responsibility at work.

## ဒေါ်အေးအေးနွယ်

*ဘဏ်ခွဲမန်နေဂျာ၊ သမဝါယမဘဏ် (CB ဘဏ်)*

အချိန်ပြည့်လုပ်ငန်းခွင်နဲ့ မိသားစုဘဝနှစ်ခုလုံးအပေါ် ညှိနှိုင်းလုပ်ဆောင်နေရခြင်းဟာ စိန်ခေါ်မှု တစ်ရပ်ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ CBဘဏ်မှာ ၁၅နှစ်ကျော်ကြာအလုပ်လုပ်ကိုင်လာတဲ့ ဒေါ်အေးအေးနွယ် ကတော့ ဒီကိစ္စနှစ်ရပ်လုံးကို အချိုးကျ အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သူ့ရဲ့ကလေးအသက် တစ်နှစ်မပြည့်ခင်မှာဘဲ ခင်ပွန်းသည်ဆုံးပါးခဲ့တာရော လက်ထောက် မန်နေဂျာအဖြစ် ရာထူးတိုးတာဝန်နဲ့ပြောင်းရွှေ့ဖို့ရော အခြေအနေတွေဖြစ်လာခဲ့ပါတယ်။ အခက် အခဲတွေ ဖြတ်သန်းရုန်းကန် နေရင်းနဲ့ပဲ အလုပ်အတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ပေး နိုင်ခဲ့ပါတယ်။

"စစချင်းမှာ အရမ်းခက်ခဲခဲ့ပေမယ့် အခုအချိန်မှာတော့ လုပ်ငန်းအတွေ့အကြုံက ကိုယ့်မှာ ထိုက်သင့်သလောက်ရလာပါပြီ။ အလုပ်ဖိစီးမှုအပေါ်ဘယ်လိုဖြေရှင်းရမလဲဆိုတာ သိလာပြီ ဖြစ်သလို ကလေးကလည်း ဒုတိယတန်း တက်နေပြီဖြစ်တဲ့ အတွက်အထိုက်အလျောက် လက်လွှတ်လို့ရနေပါပြီ"လို့ သူကပြောပါတယ်။ အလုပ်သွားချိန်တွေမှာ ယောက္ခမကလည်း ကလေးကို တာဝန်ယူစောင့်ရှောက်ပေးပါတယ်။ "ကိုယ့်အနားက လူတွေ၊ လူကြီးတွေ လုပ်ဖော် ကိုင်ဖက်တွေအားလုံးက ကိုယ့်အခက်အခဲကိုနားလည်ပြီး ကူညီပေး ကြတယ်အားလုံးနဲ့က မိသားစုလိုပါပဲ" လို့ ဆိုပါတယ်။ " ဒီလိုအထောက်အပံ့ကောင်းတွေ ကြောင့် သူဟာ အလုပ်ခွင် ထဲမှာ အပြည့်အဝတာဝန်ယူပြီး လုပ်ကိုင်ပေးနိုင်ခဲ့တာပါ"

## U Mya Than

*Chairman, Myanmar Oriental Bank*

With nearly 50 years of experience in the banking sector, U Mya Than plays an indispensable role in his bank. Important practices, such as cashless systems, were introduced with his guidance.

"When I came into banking, banks didn't have a chance to give a wide range of services to the private sector, but provided to state enterprises under the socialist economy. But at present, the banking sector seems very promising." Changing technology and policies promise more international practices.

Elderly persons who had worked for state banks were hired by private banks in previous years, as there were very few experts in Myanmar. Their experience and knowledge of former banking systems is an important input to the current transitions.

Today, there are foreign experts and repatriates in the industry, together with young and skilled employees. "To be crowded with those people, that is good for the industry," says U Mya Than.

## ဦးမြသန်း

*ဥက္ကဌ၊ မြန်မာအရှေ့တိုင်းဘဏ်*

ဘဏ်လုပ်ငန်းကဏ္ဍအတွင်းနှစ်၅၀ခန့် အတွေ့အကြုံရှိခဲ့သူတစ်ဦးဖြစ်တဲ့ဦးမြသန်းဟာ သူလက်ရှိ လုပ်ကိုင်နေတဲ့ဘဏ်အတွက်လည်းအဓိကအခန်းကဏ္ဍကပါဝင်ဆောင်ရွက်နေသူ တစ်ဦးပါ။ ပြည်တွင်းပေးချေမှုရဲ့ကြီးမားတဲ့အပြောင်းအလဲ ဖြစ်တဲ့ အီလက်ထရွန်းနစ် ငွေပေးချေမှုစနစ် ထူထောင်ရေးမှာ သူ့ရဲ့လမ်းညွှန်ချက်တွေဟာ အရေးပါခဲ့ပါတယ်။

"ဘဏ်လောကကိုစတင်ဝင်ရောက်ချိန်က ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုတော့ ဘဏ်တွေဟာ ပုဂ္ဂလိက ကဏ္ဍအတွက် ဝန်ဆောင်မှုတွေကျယ်ကျယ်ပြန့်ပြန့်ပေးဖို့အခွင့်အရေးမရှိခဲ့ဘူး။ နိုင်ငံပိုင် လုပ်ငန်း တွေအတွက်ပဲ ငွေကြေးပံ့ပိုးပေးခဲ့ရတယ်" လို့ သူကပြောပါတယ်။ ယနေ့ဘဏ်လုပ်ငန်း ကဏ္ဍနှင့်ပတ်သက်လို့ သူကအောက်ပါအတိုင်း မှတ်ချက်ပြုထားပါတယ်။

"ဒီနှစ်တွေမှာ ဘဏ်လုပ်ငန်းကဏ္ဍရဲ့အလားအလာအများကြီးကောင်းလာဖို့ရှိပါတယ်။ နည်းပညာ နဲ့ မူဝါဒ အပြောင်းအလဲကြောင့် ဘဏ်လုပ်ငန်းကဏ္ဍအတွက် နိုင်ငံတကာ အလေ့အကျင့်ကောင်း တွေတိုးပွားလာနိုင်ပါတယ်"ပုဂ္ဂလိကဘဏ် တွေကို စတင်ခွင့်ပြုစဉ်က မြန်မာနိုင်ငံဘဏ်လုပ်ငန်း ကဏ္ဍမှာ ကျွမ်းကျင်ပညာရှင်တွေ ရှားပါးခဲ့ပါတယ်။ ဒါကြောင့်ပုဂ္ဂလိက ဘဏ်တွေရဲ့ဝန်ထမ်းပြုစု ပျိုးထောင်ရေးမှာ နိုင်ငံပိုင် ဘဏ်တွေမှာလုပ်ကိုင်ခဲ့ဖူးတဲ့ အတွေ့အကြုံရင့် ဝန်ထမ်းတွေရဲ့အကူအညီကို ယူခဲ့ရပါတယ်။

"အခုအချိန်မှာတော့ နိုင်ငံခြားသားကျွမ်းကျင်သူတွေ၊ နိုင်ငံခြားကနေ နိုင်ငံချစ်စိတ်နဲ့ပြန်လည် ဝင်ရောက် လုပ်ကိုင်ကြတဲ့ မြန်မာလူမျိုးတွေအပါအဝင် ပြည်တွင်းက ငယ်ရွယ်တဲ့ ကျွမ်းကျင် ဝန်ထမ်းတွေလည်းရှိလာပါပြီ။ ဘဏ်လုပ်ငန်းကဏ္ဍဟာ ဒီလိုပုဂ္ဂိုလ်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တက်ညီလက်ညီရှိလာပြီဖြစ်လို့ မြန်မာ့ဘဏ်လောကအတွက် အားတက်မိပါတယ်"





*"My attitude to peace is rather based on the Burmese definition of peace -- it really means removing all the negative factors that destroy peace in this world. So peace does not mean just putting an end to violence or to war, but to all other factors that threaten peace, such as discrimination, such as inequality, poverty,"*

*Daw Aung San Suu Kyi,*
*16. June 2012 in Oslo*
*(speaking about the Nobel Peace Price that she was awarded 21 years before)*

*ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ကျွန်မရဲ့သဘောထားကတော့ ငြိမ်းချမ်းရေးကို မြန်မာတွေသိနားလည်ထားတဲ့ ဖွင့်ဆိုချက်အပေါ် အခြေခံပြီးပြောချင်ပါတယ်၊ အဲဒီမှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖျက်ဆီးနေတဲ့ မကောင်းတဲ့ အချက်တွေ အားလုံးကို ဖယ်ရှားဖို့ ဖော်ပြထားတယ်၊ သည်တော့ ငြိမ်းချမ်းရေးဆိုတာ ရန်ပွဲတစ်ပွဲ၊ စစ်ပွဲတစ်ပွဲကို အဆုံးသတ်နိုင် တာမျိုးကို ဆိုလိုတာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ ခွဲခြားဆက်ဆံတာတို့၊ သာတူညီမျှ မရှိတာတို့၊ ဆင်းရဲနွမ်းပါးမှုတို့လို အခြားအချက်တွေအားလုံးကိုလည်း အဆုံးသတ်ပေးရမှာဖြစ်တယ်*

*ဒေါ်အောင်ဆန်းစုကြည်*
*အော့စလိုမြို့ (၁၆-၆-၂၀၁၂)*
*သူမအား လွန်ခဲ့သော (၂၁)နှစ်က ချီးမြှင့်ခဲ့သည့် ငြိမ်းချမ်းရေးနိုဘယ်ဆုနှင့်ပတ်သက်၍ ပြောကြားသည့်စကား*



## Daw Naw Khu Hser Moo

*Junior Assistant for Accounting and Treasury Department, KBZ Bank*

Even though she suffers a partial hearing loss, Daw Naw Khu Hser Moo came into the banking sector three months ago through the Equal Opportunity Employment for Persons with Disability offered by KBZ's human resources department, which started in 2016.

"Working in a bank is not just a privilege for myself to build up capacity, but also for my family, as I'm supporting part of the household's expense," she says.

Daw Naw Khu Hser Moo is 25 years old and working with a big group of people for the first time.

Talking on the phone and oral instructions of seniors are still obstacles for her but her colleagues help her to overcome these. While she is still learning accounting skills and the nature of banking, she is confident.

"I believe the best things will come for my future as I try my best at present".

## ဒေါ်နော်ခူဆဲမူး

*အငယ်တန်းလက်ထောက်၊ စာရင်းနှင့်ငွေတိုက်ဌာန၊ ကမ္ဘောဇဘဏ်*

ဒေါ်နော်ခူဆဲမူးမှာ မွေးရာပါအကြားအာရုံချို့တဲ့ တဲ့အခက်အခဲရှိပါတယ်။ ကမ္ဘောဇဘဏ်ဘဏ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဌာနက ၂၀၁၆ ခုနှစ် မှစတင်ပြီး အလုပ်အကိုင်အခွင့်အရေး တန်းတူညီမျှ ရှိစေရေးအတွက် မသန်စွမ်းသူတွေကိုအလုပ်ခေါ်ယူခဲ့တာကြောင့် လွန်ခဲ့တဲ့သုံးလခန့်ကစပြီး ဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။

"ဘဏ်မှာ အလုပ်လုပ်ရတာ ကိုယ်တိုင်လုပ်ရည်ကိုင်ရည် တိုးတက်မှုအတွက်လည်းဖြစ်တယ်။ မိသားစုအတွက်လည်း တစ်ဖက်တစ်လမ်းကနေအကူအညီပေးနိုင်လာပါတယ်" လို့ သူက ပြောပါတယ်။

အသက် ၂၅နှစ်အရွယ်သူ့အတွက် ဒီလောက်လူအများကြီးရှိတဲ့နေရာမှာ အလုပ်လုပ်ရတာ ပထမဆုံးပါ။ ဖုန်းနဲ့စကားလက်ခံ ပြောရတာ၊ အထက်လူကြီးတွေမှာကြားတာကို နားထောင်ရတာက အလုပ်လုပ်ရာမှာ အတားအဆီးဖြစ်ခဲ့ပေမယ့် လုပ်ဖော်ကိုင်ဖက်တွေ ဝိုင်းဝန်းကူညီမှုကြောင့် အခက်အခဲတွေအားလုံး ပြေလည်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူရဲ့အဓိက တာဝန်တွေဖြစ်တဲ့ စာရင်းနဲ့ ဘဏ်လုပ်ငန်းသဘာဝတွေကို သင်ယူရာမှာ ယုံကြည်မှု ပိုရှိလာပါတယ်။

"လက်ရှိအခြေအနေမှာ အကောင်းဆုံးလုပ်ပေးနိုင်အောင် ကြိုးစားနေရင် အကောင်းဆုံးအရာတွေ ကျွန်မဆီ ရောက်လာ မယ်လို့ ယုံကြည်ပါတယ်"လို့ သူကပြောပါတယ်။

## U Ba Maung Sein

*Head of Branch Banking, Operation Division, Yoma Bank*

Even though U Ba Maung Sein was born and raised in the main city of Myanmar, Yangon, he has always been keenly aware and proud of his Karen identity and also speaks Sgaw Karen dialect.

“My ethnicity was never an impediment in achieving my ambitions and aspirations”, he says. He finished his Master of Business Administration degree and worked in the US and Canada for almost 20 years before joining Yoma Bank in 2014.

He believes people with different cultures and customs bring different ways of seeing and looking at things. That means a diverse work force offers Yoma Bank an opportunity to be innovative in doing business and finding solutions.

Banking industry, in his opinion, is a pillar that supports and sustains the progress and development of the country as Myanmar is going through a tremendous transformation. “I am privileged to be working in this field and appreciative of the sense of fulfillment and satisfaction from being able to play a small part in these exciting and historic times for Myanmar”, he says.

## ဦးဘမောင်စိန်

*ဘဏ်ခွဲဆောင်ရွက်မှုဆိုင်ရာဌာနမှူး၊ ရိုးမဘဏ်*

မြန်မာနိုင်ငံရဲ့အဓိကမြို့တော်ရန်ကုန်မှာ ဦးဘမောင်စိန် မွေးဖွားကြီးပြင်းခဲ့ပေမယ့် ကရင်တိုင်းရင်းသားဖြစ်ရခြင်းနှင့် စကောကရင်ဘာသာစကားပြောဆိုရခြင်းအပေါ် ဂုဏ်ယူတတ်ခဲ့ပါတယ်။

“တိုင်းရင်းသားဖြစ်တာကြောင့် ကျွန်တော့ရဲ့ရည်မှန်းချက်တွေ လုပ်ကိုင်ဆောင်ရွက်မှုတွေ အပေါ်မှာ အတားအဆီး ဘယ်တုန်းကမှမရှိခဲ့ပါဘူး”လို့ သူကဆိုပါတယ်။ အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေကနေ စီးပွားရေးစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး အဲဒီနိုင်ငံတွေမှာ နှစ်နှစ်ဆယ်ခန့် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မှစပြီးရိုးမဘဏ်ကိုဝင်ရောက်လာသူ တစ်ဦးပါ။

ခြားနားတဲ့ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတန်းပေါင်းစပ်မှုတွေကနေ မတူညီတဲ့အတွေးအမြင်တွေ ရလာပြီး ရိုးမဘဏ်ရဲ့လုပ်ငန်းဆောင်တာတွေကို ပိုကောင်းတဲ့ နည်းလမ်းတွေနဲ့ အဖြေရှာ ဆောင်ရွက်လာနိုင်မယ်လို့ သူကယုံကြည်ထားပါတယ်။

ကြီးမားတဲ့အပြောင်းအလဲတွေဖြစ်ပေါ်နေတဲ့မြန်မာနိုင်ငံအတွက် ဘဏ်လုပ်ငန်းကဏ္ဍဟာ နိုင်ငံ့ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတည်တံ့မှုအတွက် ထောက်တိုင်တစ်ရပ်လို့ သူကယူဆ ထားပါတယ်။ “နိုင်ငံအတွက် စိတ်လှုပ်ရှားစရာကောင်းတဲ့ အပြောင်းအလဲတွေကြုံနေတဲ့အချိန်၊ ဒီလိုနယ်ပယ်မှာ ကိုယ်နိုင်သလောက်နဲ့ ပါဝင်ခွင့်ရတာကိုပဲ အခွင့်ထူးတစ်ရပ်လို့မှတ်ယူပြီး ကျေနပ်အားရမိပါတယ်”






## Daw Nang Saw Kham Phyu @ Yvonne

*General Manager of Card and Payment Services Department of AYA Bank*

"I found Yangon has changed a lot, including working environment, when I came back from Singapore after working five years there. I tried to settle again in this city and the experience reminded me of the first impression I had when I moved here as a young girl."

Daw Nang Saw Kham Phyu spent her childhood life in Shan State, then moved to Yangon in her early twenties to study information technology. She started to work as a manager for AYA Bank in late 2013. Currently she is taking a leading role in the Card and Payment Services Department. "Challenges often arise from me being female and leading the department. Women managing IT related to banking are very rare in Myanmar." But challenges and exceptional roles bear great opportunities. For setting new policies, Daw Nang Saw Kham Phyu took suggestions and learnt from senior and junior colleagues, especially when banking procedures were very new for her in the early days. "I am trying to manage staff in an open way. Let them talk openly, always invite suggestions and complaints directly".

## ဒေါ်နန်းစောခမ်းဖြူ (ခ) အီဗွန်

*အထွေထွေမန်နေဂျာ၊ ကတ်နှင့်ငွေပေးချေမှုဝန်ဆောင်မှုဌာန ၊ ရောဝတီဘဏ်*

"စင်ကာပူမှာငါးနှစ်ကျော် အလုပ်လုပ်ပြီးပြန်လာတော့ ရန်ကုန်မြို့မှာ ပြောင်းလဲနေတာတွေ အများကြီး ကိုပြန်လေ့လာရတာတွေမှာ၊ မြန်မာပြည်ကလုပ်ငန်းခွင်ပုံစံတွေလဲ အပါအဝင်ပါပဲ။ ရန်ကုန်မြို့ကို စရောက်ဖူးတဲ့ တောင်ပေါ်က ရှမ်းမလေး တယောက်ပြန်ဖြစ် သွားခဲ့ပါတယ်"

ငယ်ဘဝကို ရှမ်းပြည်နယ်မှာပဲကုန်ဆုံးခဲ့ပြီး သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ်ကို သင်ကြားဖို့ အသက် နှစ်ဆယ်စွန်းစမှာ ရန်ကုန်ရောက်လာခဲ့ပါတယ်။ စင်ကာပူ စတော့အိတ်စ်ချိန်းမှာလည်း ငါးနှစ်တာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ရောဝတီဘဏ်မှာတော့ ၂၀၁၃ခုနှစ်နှောင်းပိုင်းစပြီး မန်နေဂျာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။ ရာထူး အဆင့်ဆင့်တိုးမြှင့်ခြင်းခံရပြီး လက်ရှိအချိန်မှာ ကတ်နှင့် ငွေပေးချေမှု ဝန်ဆောင်မှုဌာန အတွက် ဦးဆောင်မှုအပိုင်းက တာဝန်ယူထား သူတစ်ဦး ဖြစ်ပါတယ်။ အမျိုးသမီး တယောက်အနေနဲ့ ဘဏ်လုပ်ငန်းဆောင်တာတွေဖြစ်တဲ့ ဆုံးရှုံးမှုအပေါ် စီမံခန့်ခွဲနိုင်မှု၊ ဘဏ္ဍာရေး စာရင်းလုပ်ငန်းတွေသာမက နည်းပညာတွေနဲ့ အများကြီး ဆက်စပ်နေတဲ့ ဌာနကိုဦးဆောင်ရတာ အခက်အခဲ တော်တော်ရှိပါတယ်။မြန်မာနိုင်ငံမှာ နည်းပညာနဲ့ဆက်စပ်တဲ့ဘဏ်လုပ်ငန်းနယ်ပယ်အတွက်အမျိုးသမီး ဦးဆောင်သူ ရှားပါးတာကြောင့် လည်းဖြစ်ပါတယ်။ အလုပ်စဝင်စဉ်က လုပ်ငန်း ဆောင်ရွက်ချက်တွေအားလုံးဟာ သူ့အတွက် အသစ်ဖြစ်နေတာကြောင့် သူ့ရဲ့အထက်အရာရှိ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဝန်ထမ်းငယ်တွေရဲ့အကြံဉာဏ်ကို ယူပြီး သင်ယူခဲ့ရတယ်လို့ဆိုပါတယ်။ "လက်ရှိအချိန်မှာလည်း ဝန်ထမ်းတွေကို ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံ့ပုံနဲ့ပဲအလုပ်လုပ်ပါတယ်။ သူတို့ကို ကိုယ်နဲ့တိုက်ရိုက် လွတ်လွတ်လပ်လပ်ပြောဆိုတာမျိုး၊ ဝေဖန်အကြံပြုတာမျိုးလုပ်ဖို့ အမြဲတမ်းဖွင့်ပေးထားတယ်"

## U Kyaw Kyaw Khaing

*Deputy General Manager, Myanmar Oriental Bank*

Ko Kyaw Kyaw Khaing has been experiencing a nearly twenty year long journey from working as entry assistant to being responsible for managing the cash flow of the bank as Deputy General Manager.

“I entered into the banking sector as an auxiliary, but I found out it was interesting and could be my future. I tried my best and devoted myself to the work”, he says.

In early days, his Department Head and Manager were role models, he emulated their habits in decision making, setting fair policies and acquiring customers.

Enthusiasm to learn thoroughly brought him success. He was recognized and given the chance to venture into higher positions, even though his degree in Botany is not related to his career.

“The bank is ready to foster every hardworking staff. That is why I like to work here”, he says.

## ဦးကျော်ကျော်ခိုင်

*ဒုအထွေထွေ မန်နေဂျာ၊ မြန်မာအရှေ့တိုင်းဘဏ်*

ဘဏ်မှာဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ နှစ်နှစ်ဆယ်ခန့်အတွင်း ကိုကျော်ကျော်ခိုင်ဟာ ရုံးအကူအဖြစ်ကနေ အဆင့်ဆင့်ဖြတ်သန်း ပြီးလက်ရှိအခြေအနေမှာတော့ ဘဏ်ရဲ့ငွေသားစီးဆင်းမှုကို တာဝန်ယူဆောင်ရွက်ရတဲ့ ဒုတိယအထွေထွေမန်နေဂျာ တစ်ဦးဖြစ်လာပါတယ်။

“ဘဏ်ဝန်ထမ်းဘဝကို အကူလုပ်သားတစ်ယောက်အနေနဲ့ စတင်လုပ်ကိုင်ရင်းနဲ့မှ ဒီနယ်ပယ်ကို စိတ်ဝင်စားလာပြီး ရေရှည်အသက်မွေးဝမ်းကျောင်းအဖြစ်လည်း လုပ်ကိုင်ဖို့ဆုံးဖြတ်ထားပါတယ်။ အလုပ်ကိုစိတ်နှစ်ပြီး တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ပါတယ်” လို့ သူကပြောပါတယ်။

သူစံထားအားကျခဲ့ရတဲ့ မန်နေဂျာနဲ့ ဌာနအကြီးအကဲတွေရှိခဲ့ပြီး သူ့အရာရှိတွေရဲ့ ဆုံးဖြတ်ချက်ချနိုင်မှု၊ ဝန်ထမ်းတွေ အပေါ်မျှမျှတတ ဆက်ဆံမှုနဲ့ဖောက်သည်တွေအပေါ် ဆွဲဆောင်ထားနိုင်မှုစတဲ့ အရည်အသွေးတွေကို အတုယူရင်း ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။

သင်ယူလိုစိတ်ပြင်းပြမှုဟာ အောင်မြင်မှုရဲ့သော့ချက်ပါပဲ။ သူရရှိခဲ့တဲ့ ရုက္ခဗေဒ ပညာဘာသာရပ်ဘွဲ့နဲ့ အသက်မွေးတဲ့ အလုပ်အကိုင်ကခြားနားခဲ့ပေမယ့် လုပ်ငန်းခွင်က ကြိုးစားမှုတွေကို အသိမှတ်ပြုခံရပြီးရာထူးတွေ အဆင့်ဆင့်တက်လာခဲ့ပါတယ်။

“ကျွန်တော်တို့ဘဏ်က အလုပ်ကြိုးစားတဲ့ဝန်ထမ်းတွေကို အမြဲတမ်းမြေတောင်မြှောက် ပေး ပါတယ်။ ဒါကြောင့်လည်း ဒီမှာပဲဆက်လုပ်ဖြစ်နေတာပါ” လို့ သူကဆိုပါတယ်။



*A lot of different flowers make a bouquet.*

*Saying of Muslim Origin*

မတူညီတဲ့ ပန်းတွေအများကြီးက လှပတဲ့ ပန်းစည်းတစ်ခုကို ဖြစ်စေတယ်။

မူဆလင် အရင်းကျမ်းပါ အဆိုအမိန့်တစ်ခု



## Imprint


**Published by the**
Deutsche Gesellschaft für
Internationale Zusammenarbeit (GIZ) GmbH

Registered offices
Bonn and Eschborn, Germany

Financial Sector Development in Myanmar
No. 635-E Yoma Yeikthar Street, Pyay Road, Kamayut Township
Yangon, Myanmar
T: +95 1 230 6084
fsd-myanmar@giz.de
www.giz.de

**In Cooperation with**
Kanbawza Bank Myanmar
Yoma Bank Myanmar

**As at**
December 2016

**Design and layout**
mspiral creative agency
9th floor, Motherland Condominium, 240/242,
Seikkantha Street, Upper Block,
Kyauktada Township,
Yangon, Myanmar.

**Photo credits**
Aung Min Zaw
Andreas Hub
Veronica Wijaya

**Text**
Aye Thidar Kyaw and Vanessa Petzold

GIZ is responsible for the content of this publication.

On behalf of the
German Federal Ministry for Economic Cooperation and Development (BMZ)

Deutsche Gesellschaft für
Internationale Zusammenarbeit (GIZ) GmbH

Financial Sector Development in Myanmar
No. 635-E Yoma Yeikthar Street, Pyay Road, Kamayut Township
Yangon, Myanmar
T: +95 1 230 6084
fsd-myanmar@giz.de
www.giz.de